# Ministry Of Sports Affairs
# အားကစားရေးရာဝန်ကြီးဌာန
# သတင်းလွှာ

Monthly Newsletter — Volume 4, No.4 April 2026


## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသို့ တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံခြင်း အခမ်းအနားကျင်းပ





နေပြည်တော်၊ ဧပြီ ၁၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနများတွင် လွှဲပြောင်းခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများထံသို့ တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး(ငြိမ်း)များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များက လက်ရှိလုပ်ငန်းတာဝန်ထမ်းဆောင်နေမှု အခြေအနေများအား တစ်ဦးချင်းဂါရဝပြု မိတ်ဆက်ခဲ့ကြပြီးနောက် ဒုတိယဝန်ကြီး(ငြိမ်း) ဦးဇင်မင်းထက်က လူငယ်ရေးရာဦးစီးဌာန၏ ဖွဲ့စည်းပုံ၊ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးထိန်လင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း Power Point ဖြင့် အသီးသီးရှင်းလင်း တင်ပြခဲ့ကြသည်။

ဆက်လက်ပြီး အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် လွှဲပြောင်းခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ဦးရဲမြင့်ထွန်းက မိတ်ဆက်စကားပြောကြားရာတွင် အားကစားရေးရာဝန်ကြီးဌာနတွင် လုပ်သက်များပြီး အတွေ့အကြုံများစွာနှင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အားကစားသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ကြောင်း၊ အားကစားစွမ်းဆောင်ရည် မြင့်မားပြီး မြန်မာ့အားကစားလောက ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း မိသားစုသဖွယ် ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကိုကျေပွန်အောင် ယခင်ထက်နှစ်ဆ ပိုမိုအားထည့်၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မိသားစုစိတ်ဓာတ်ထားရှိပြီး တစ်ဦးနှင့်တစ်ဦးရိုင်းပင်းကူညီ၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့ပြီးနောက် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် လွှဲပြောင်းခန့်အပ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒေါက်တာမောင်သင်းက မိတ်ဆက်စကားပြောကြားရာတွင် မိမိအနေဖြင့် လူငယ်ကဏ္ဍပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွက်လာစေရန် လူငယ်ရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ခွင့် ရရှိခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ယခင်က ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ကျောင်းသားလူငယ်များနှင့်များစွာ ထိတွေ့ဆက်ဆံခဲ့ရသူဖြစ်ကြောင်း၊ ပညာရည်မြင့်မား၍ ထူးချွန်ထက်မြက်သည့် လူငယ်/လူရွယ်များ မွေးထုတ်ပေးနိုင်ပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် တတ်စွမ်းသမျှ အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် အလုပ်လုပ်ရင်း

စာမျက်နှာ ၂ သို့ ►

အောင်မြင်မှုအခြေခံ "စ" ခုနစ်လုံးဆောင်ရန်

စိတ်ဓာတ်၊ စည်းကမ်း၊

စွမ်းအား၊ စည်းလုံးမှု

စံချိန်၊ စံညွှန်း၊ စံနှုန်း

ဧပြီလအတွက် သတင်းလွှာတွင်


| | | |
|---|---|---|
| ပြည်ထောင်စုဝန်ကြီးသတင်း | - | (၉)ပုဒ် |
| ဒုတိယဝန်ကြီးသတင်း | - | (၃)ပုဒ် |
| ညွှန်ကြားရေးမှူးချုပ် | - | (၁)ပုဒ် |
| ဆောင်ပါးရှင် ရဲလွင်အောင်(YU) | - | (၁)ပုဒ် |
| ဆုရအားကစားသမားကြိုဆိုသည့်သတင်း | - | (၂)ပုဒ် |

# အားကစားရေးရာဝန်ကြီးဌာန၊ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပ







နေပြည်တော်၊ ဧပြီ ၁၄

၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီလ (၁၃) ရက် မဟာသင်္ကြန်အကြိုနေ့တွင် ကျင်းပသည့် အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနများမှ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ပျော်ပျော်ရွှင်ရွှင် ရေပက်ကစားခြင်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုကပြဖျော်ဖြေခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အားကစားရေးရာဝန်ကြီးဌာန မဟာသင်္ကြန်ပွဲတော်အခမ်းအနားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး မြူမှောင်ဝေကင်းတေးသီချင်းဖြင့် ယိမ်းအဖွဲ့ဝင်များကစုပေါင်း၍ သံပြိုင်ညီညာကပြဖျော်ဖြေခြင်းများ၊ ဌာနအကြီးအကဲများက ယိမ်းအဖွဲ့လှပျိုဖြူများနှင့် တက်ရောက်လာသည့်ဧည့်ပရိတ်သတ်များအား အောင်သပြေခက်ဖြင့် အတာရေ လိုက်လံပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနများရှိ ဌာနခွဲအသီးသီးမှ ဧည့်ခံကျွေးမွေးသည့် စတုဒိသာ မြန်မာ့ရိုးရာအစားအစာများကို ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့်အတူ သုံးဆောင်ခဲ့ပြီး ဌာနခွဲများမှ ယိမ်းအဖွဲ့များ၏ အက အလှများဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အကြီးအကဲများနှင့် ဧည့်သည်တော်များသည် ရခိုင် ရိုးရာအတာရေအပြန်အလှန်ပက်ဖျန်း၍ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခြင်း၊ ဌာနခွဲများမှ ဝန်ထမ်းယိမ်း အဖွဲ့များက တူးပို့တူးပို့၊ ရင်ထဲကမြို့မ၊ ပန်းမျိုးတစ်ရာ၊ တစ်နှစ်နွမ်း တစ်နှစ်ဆန်း၊ ယိမ်းသမလေးတွေ၊ နွေမစသည့် မြန်မာ့ရိုးရာ သင်္ကြန်တေးသီချင်းများ၊ သင်္ကြန်အကအလှများဖြင့်လည်းကောင်း၊ Fitness Dance အဖွဲ့မှ အိုကေနားထား တေးသီချင်းများဖြင့် လည်းကောင်း အဖွဲ့လိုက် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့မှုများကို ကြည့်ရှုအားပေးခဲ့ပြီး နောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် အကြီးအကဲများနှင့် ဧည့်သည်တော်များက ဖျော်ဖြေရေးအက အဖွဲ့များအား ဂုဏ်ပြုဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် ကပြသီဆိုဖျော်ဖြေ၍ မြန်မာတို့၏ ချစ်စရာမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (အကြိုနေ့)အား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့သည်။

အဆိုပါ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် (အကြိုနေ့) အခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့်ဇနီး၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ပြီး နှစ်သစ်အား ကြိုဆိုခဲ့ကြောင်း သိရသည်။

မျက်နှာဖုံးမှ အဆက် ►

ပျော်ပျော်နေထိုင်သွားကြရန်လိုကြောင်း အမှာစကားပြောကြား ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးများအဖြစ် လွှဲပြောင်းခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစစ်နိုင်နှင့် ဦးညီညီတို့က ယခင်တာဝန် ထမ်းဆောင်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြ၍ တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးများက တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံခြင်းစာအုပ်တွင် လက်မှတ်များ ရေးထိုး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ဒုတိယဝန်ကြီး ဦးစစ်နိုင်တို့က လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမိတ်ဆက်ခြင်းအခမ်းအနားကို နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

## မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အားကစားရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများအား တွေ့ဆုံခြင်းအခမ်းအနားကျင်းပ





နေပြည်တော်၊ ဧပြီ ၂၁

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အားကစားရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများအားတွေ့ဆုံခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃၁) ရှိ အားကစားရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ဟားခါးနှင့်စစ်တွေ)တို့မှ ကျောင်းအုပ်ကြီးများက In person စနစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာနှင့် လွိုင်ကော်)တို့မှ ကျောင်းအုပ်ကြီးများက Video Conferencing စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေး၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ၁/၂၀၂၆ တို့တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားရာတွင် နိုင်ငံ၏အနာဂတ်အတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို အခြေခံအဆင့်ကစပြီး မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်ပြီး လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာ၊ အတတ်ပညာရှင်များ အများကြီးလိုအပ်ပါကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု တည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးနှင့်တန်းတူ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်လာစေရန် ပဓာနကျပါကြောင်း၊ အားကစားကဏ္ဍ မြင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန်လိုကြောင်း၊ အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစား အဆင့်အတန်း ပြန်လည်ဦးမော့လာစေရေးနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်အတွက် အောင်မြင်မှုဆုတံဆိပ်များရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးညီညီက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယခင်ကတည်းက အားကစားအဖွဲ့ချုပ်တွင် တာဝန်ယူဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်၍ အားကစားနှင့်မစိမ်းသူဖြစ်သည့်အတွက် အားကစားအဆင့်အတန်း မြင့်မားစေရန်နှင့် အားကစားဖြင့် နိုင်ငံဂုဏ်ကို မြှင့်တင်ပေးနိုင်ရန် အဓိကအခြေခံကျသည့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်း၍ မျိုးဆက်သစ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရန် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းအစီအမံများကို စီမံချက်ရေးဆွဲ၍ ပြန်လည်တင်ပြပေးသွားရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်ပေါင်းစပ်၍ ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် တာဝန်ယူဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးတင်ပြခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက ရက်ပေါင်း ၁၀၀ စီမံချက်အဖြစ် မြန်မာ့အားကစားဖွံ့ဖြိုး တိုးတက်စေရေးအတွက် မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်နိုင်ရန် လုပ်ငန်းအစီအမံ၊ လက်ရှိဆောင်ရွက်နေသည့် အစီအစဉ်၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို အသေးစိတ်စနစ်တကျရေးဆွဲပြီး ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်ပေးသွားရန် နိဂုံးချုပ်ပြောကြားခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း/အားကစားရုံများ မန္တလေးငလျင်အပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး








နေပြည်တော်၊ ဧပြီ ၂၂

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ ညွှန်ကြားရေးမှူးချုပ် ဦးဥာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း/ အားကစားရုံများ မန္တလေးငလျင်အပြီး ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ သွားရောက်၍ ဧည့်ခန်းမ၌ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ Synthetic ပြေးလမ်း၊ Indoor Stadium (A , B , C) ရုံ၊ ရေကူးကန်၊ ဖူဆယ်အားကစား ရုံ၊ လက်ဝှေ့အားကစားရုံ၊ ဘိလိယက်နှင့်စနူကာ အားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစားခန်းမတို့အား မန္တလေးငလျင်အပြီး ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ယူဆောင်ရွက်လျက် ရှိသည့် Max Myanmar ကုမ္ပဏီလီမိတက်နှင့် သန်လျင်ရော ကုမ္ပဏီလီမိတက်တို့မှ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြင်ဆင်ပြီးစီးမှု အခြေအနေများကို Max Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူနှင့် အားကစားကွင်း/အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းတို့က Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း VIP မှန်ဧည့်ခန်းမ မျက်နှာကျက်နှင့် အခန်းပတ်လည် မျက်နှာစာမှန်များတပ်ဆင်ပြီးစီးမှု၊ Synthetic ပြေးလမ်းခင်းကျင်းပြီးစီးမှု၊ ဘောလုံးကွင်းမြက်ခင်းပြင်နှင့် ရေဖြန်းစနစ်တပ်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မြက်ခင်းပြင် စိမ်းလန်းစိုပြေစေရေးနှင့် ပြေးလမ်းများရေရှည် တည်တံ့စေရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၊ (B)နှင့် (C) တို့အား လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ ရေကူးကန်အတွင်းရှိ ပြိုင်ပွဲကန်၊ ဒိုင်ဗင်ကန်နှင့် လေ့ကျင့်ရေး ရေကူးကန်တို့အားလည်းကောင်း၊ ဖူဆယ်အားကစားရုံ၊ လက်ဝှေ့အားကစားရုံနှင့် ဘိလိယက်နှင့်စနူကာ အားကစားရုံတို့အားလည်းကောင်း၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစား ခန်းမတို့အားလည်းကောင်း မန္တလေးငလျင်အပြီး ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာတွင် သတ်မှတ်စံချိန် စံညွှန်းနှင့်ပြည့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ ရေရှည်တည်တံ့စေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက စေတနာထား၍ စိစစ်ကြပ်မတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများသည် နိုင်ငံ၏ အားကစားအဆင့်အတန်းကို ဖော်ပြနေသည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း အားကစားကဏ္ဍမြင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေးအတွက် ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဝိုင်းဝန်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက် ပေးသွားရန်လိုကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အားကစားကို စိတ်ပါဝင်စားသူ များပြားလာစေပြီး Mass Sports မှ Excellent Sports အထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားလာအောင် စည်းရုံးလှုံ့ဆော်ခြင်းများ ပြုလုပ်ဆောင်ရွက် သွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့ပြီး ပြည်သူများ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ လာရောက်လေ့ကျင့်ကစားနိုင်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အားကစားဆိုသည်မှာ အင်အားနှင့်ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုဖြစ်သည်

Sports is Games or Competitions Involving Physical and Mental Activity

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပွဲအခမ်းအနားကျင်းပ







နေပြည်တော်၊ မေ ၂၃

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားရုံ (A) ၌ ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းအင်အား ၈၀၀ ကျော် တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအခမ်းအနား၌ ဝန်ထမ်းအင်အား များများ တက်ရောက်သည်ကို တွေ့ရှိရပြီး လုပ်ငန်းအတွေ့အကြုံများသည့် ဝန်ထမ်းများဖြင့် လက်တွဲလုပ်ဆောင်ရမည် ဖြစ်သည့်အတွက် ဝမ်းသာအားရဖြစ်မိပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်တွင် ရက် ၁၀၀ စီမံချက်နှင့်စပ်လျဉ်းပြီး အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အားကစားကဏ္ဍမြင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာန အနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးတို့အတွက် ယခင်ထက်ပိုပြီး ပိုမိုကောင်းမွန်သည့်အတွေးအခေါ်၊ အယူအဆများနှင့် အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် အားကစားကဏ္ဍ တိုးတက်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူတိုင်းတွင် အလှကိုယ်စီနှင့် မတူညီသည့် အရည်အချင်းများကိုယ်စီ ရှိကြကြောင်း၊ အားလုံးပြိုင်တူတွန်းလှျင် ရွေ့သည့်အတွက် မြန်မာ့အားကစား ပြန်လည်ဦးမော့လာအောင် စိတ်တူကိုယ်တူဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးညီညီက အမှာစကားပြောကြားရာတွင် မိမိဝန်ကြီးဌာနနှင့် အားကစားလောကဖွံ့ဖြိုးတိုးတက်၍ မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် စိတ်နှစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ပြည်ထောင်စုဝန်ကြီး ချမှတ်ထားသည့် မဟာဗျူဟာများအတိုင်း နည်းဗျူဟာများကို စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းပေးပို့ထားသည့် ပန်းပေါင်းစုံ ဘုရားအဆူ ၄၅ ဆူ ကို အမှုထမ်း ၆၁၁ ဦးတို့အား မဟာဒုတ်ဘုရားမဲ နှိုက်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပြီးနောက် ဘုရားမဲပေါက်သည့် ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပန်းပေါင်းစုံဘုရားများကို အသီးသီးပေးအပ်ခဲ့ပြီး တွေ့ဆုံပွဲအခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အားကစားမြှင့်တင်ခြင်းသည်**
**နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်**

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အားကစားကွင်းအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် Smart School နှင့် Football For School Program ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူနှင့်တွေ့ဆုံ





နေပြည်တော်၊ မေ ၂၆

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အားကစားကွင်းအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ရက် ၁၀၀ အတွင်းဆောင်ရွက်ရမည့် Smart School နှင့် Football For School Program ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အားကစားကွင်းသို့ သွားရောက်၍ ၉.၅၆၄ ဧကရှိ အားကစားကွင်းတည်နေရာပြ မြေပုံပါအတိုင်း ၂၂၅၆ ပေ ခြံစည်းရိုးအုတ်တံတိုင်း ကာရံထားမှုအခြေအနေ၊ ၇.၈၁၆ ဧကရှိ ဘောလုံးကွင်းဧရိယာ Inner Fencing ကာရံထားရှိမှု၊ ဘောလုံးကွင်းမြက်ခင်းပြင်၊ ဂိုးတိုင်ဂိုးပိုက်များ တပ်ဆင်ထားရှိမှု အခြေအနေ၊ မီတာ ၄၀၀ မြေသားပြေးလမ်းခင်းကျင်းထားမှု အခြေအနေ၊ ၁၄၀ x ၂၄ ပေရှိ ပရိသတ်အင်အား ၅၀၀ ဝင်ဆံ့သည့် အထူးတန်းပွဲကြည့်စင်၊ ပရိသတ် အင်အား ၁၀၀၀ စီ ဝင်ဆံ့သည့် ၂၀၀ x ၂၃ ပေရှိ အရှေ့ဘက် ပွဲကြည့်စင်နှင့် ၂၃၂ x ၂၃ ပေရှိ မြောက်ဘက်ပွဲကြည့်စင် တည်ဆောက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ဂါလံ ၂၄၀၀ ဆံ့ရေစင် တည်ဆောက်ထားရှိမှုနှင့် ၁.၇၄၈ ဧကရှိ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ထားရှိမှု အခြေအနေအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ အားကစားကွင်းပတ်လည် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ခြံစည်းရိုးအုတ်တံတိုင်းများ၊ ဂိုးတိုင်ဂိုးပိုက်များ၊ Inner Fencing များနှင့် ရေနုတ်မြောင်း အဖုံးများကို ထုံးဖြူနှင့်ဆေးများသုတ်လိမ်းသွားရန်လိုကြောင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများကို သန့်ရှင်းရေး ပုံမှန်ဆောင်ရွက်သွားရန်နှင့် အားကစားကွင်း/အားကစားရုံများတွင် အများပြည်သူ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများကို လာရောက်လေ့ကျင့်ကစားနိုင်စေရေးတို့အတွက် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကိုထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ခရိုင်နှင့် မြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်တွင်ပါရှိသည့် ရက် ၁၀၀ စီမံချက်နှင့် စပ်လျဉ်းပြီး အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍမြင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည့်အတွက် ရက် ၁၀၀ စီမံချက်အဖြစ် Football For Schoolနှင့် Smart School အစီအစဉ်များကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် ၅ ခုတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်၍ တောင်ငူခရိုင်မှ မျိုးဆက်သစ်အားကစားများစွာ ထွက်ပေါ်လျက်ရှိပြီး ခရိုင်/မြို့နယ်တို့မှ အားသာသည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ပြေးခုန်ပစ်၊ ဘက်စကတ်ဘော၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ကြက်တောင်နှင့် စားပွဲတင်တင်းနစ် အားကစားသင်တန်းများကို အခြေခံပညာအထက်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းနှင့် အားကစားပြိုင်ပွဲများကို ခရိုင်/မြို့နယ်အားကစား ဆပ်ကော်မတီ၊ ပညာရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ အားကစားဝါသနာရှင်များ၊ ပညာရှင်များ၊ စေတနာရှင် အလှူရှင်များနှင့်ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ၊ တိုင်းဒေသကြီးအားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးနှင့် မြန်မာ့အားကစားအောင်မြင်မှု ရရှိစေရေးတို့အတွက် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့

စာမျက်နှာ ၇ သို့ ►

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန(ရန်ကုန်)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ မေ ၂၇

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့စစ်တုရင်အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီး နှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်တာဝန် ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒိုင် လူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အုပ်ချုပ်/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင်ရှိသည့် တိုင်းဒေသကြီး နှင့်ပြည်နယ်အသီးသီးမှ စစ်တုရင်အားကစားသမားများ တွေ့ဆုံ ယှဉ်ပြိုင်စေခြင်းဖြင့် အားကစားသမားများအချင်းချင်း ချစ်ကြည် ရင်းနှီးမှုရရှိ၍ မျိုးဆက်သစ်လူငယ် စစ်တုရင်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် စစ်တုရင် အားကစားသမားကောင်းများ ရရှိစေနိုင်မည်ဖြစ်ပါ ကြောင်း၊ စစ်တုရင် အားကစားနည်းသည် စိတ်ပိုင်းဆိုင်ရာကို

စာမျက်နှာ ၈ သို့ ►

စာမျက်နှာ ၆ မှအဆက် ►

က ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် မူဝါဒများကိုအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ညီညီညွတ်ညွတ်ဖြင့် အတူတကွ ဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်ပေးသွားရန် ဖြည့်စွက် မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများက ကိုယ်ရေးကိုယ်တာ အခက် အခဲများနှင့် လိုအပ်ချက်များကိုတင်ပြခဲ့ကြရာ ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက် များကိုတိတိကျကျ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက် သွားရန်နှင့် အားကစားကွင်း/အားကစားရုံ သန့်ရှင်းသာယာလှပ စေရေး၊ ဘောလုံးကွင်း မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေးနှင့် အားကစားကွင်းအင်္ဂါရပ်နှင့်လျော်ညီအောင် ကွင်းပတ်လည် မြဲ စည်းရိုး အုတ်တံတိုင်းများကို ထုံး၊ ဆေးသုတ်ခြင်းများနှင့် သန့်ရှင်း ရေးများပုံမှန်ပြုလုပ်၍ ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ အားတွေ့ဆုံ၍ ရက်ပေါင်း ၁၀၀ အတွင်းဆောင်ရွက်ရမည့် လုပ်ငန်း စဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ အားကစားမြှင့်တင်ရေးနှင့် ဘောလုံးအားကစားအဆင့်အတန်း ပိုမို တိုးတက်စေရေးအတွက် အားကစားရေးရာဝန်ကြီးဌာန၊ လူငယ် ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ပူးပေါင်းပြီး ရက် ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ အခြေခံပညာကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက မိမိတို့ အဖွဲ့ချုပ်အနေဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် Smart School နှင့် Football For School Program လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် အခြေခံဘောလုံးသင်တန်း ဖွင့်လှစ်နိုင်ရေး၊ နည်းပြမွမ်းမံသင်တန်း များ ဖွင့်လှစ်နိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားအသစ်များ ရွေးချယ်နိုင်ရေး၊ ပြိုင်ပွဲများကျင်းပနိုင်ရေး၊ ဘောလုံးများထောက်ပံ့ ပေးနိုင်ရေး၊ PE ဆရာ/ ဆရာမများနှင့် ဆက်သွယ်၍ တာဝန်ပေး ဆောင်ရွက်နိုင်ရေးစသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေး တင်ပြခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့်တာဝန်ရှိသူတို့က လိုအပ်သည်များကို ထပ်မံဖြည့်စွက် ပြောကြား ခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအတိုင်း မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် အခြေခံမှစတင်၍ အတူ တကွ ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး ကြိုးစား ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၇ မှအဆက် ►

အခြေခံ၍ ကစားရသည့် အားကစားနည်းဖြစ်ပြီး စိတ်ခွတ်ကြံ့ခိုင်မှုနှင့်ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်မှု၌ အဓိကအရေးပါကြောင်း၊ စစ်တုရင်အားကစားနည်းသည် အားကစား အထောက်အကူပြုပစ္စည်း၊ ကုန်ကျစရိတ်၊ ယှဉ်ပြိုင်ဘက်အစရှိသည့် လိုအပ်ချက်များ အနည်းဆုံးဖြင့် လေ့ကျင့်ယှဉ်ပြိုင်ကစားရသည့် အားကစားနည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့် ပါဝင်ယှဉ်ပြိုင်နိုင်မည့် စစ်တုရင်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေသည့် မျိုးဆက်သစ် လူငယ်စစ်တုရင်အားကစားသမားများကို တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲများမှ အများဆုံးမွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် စစ်တုရင်အားကစားနည်းဖြင့် ရွှေတံဆိပ် ၄ ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၆ ခု ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ လာမည့်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ဆက်လက်ကြိုးစားသွားကြစေလိုကြောင်း၊ ယခုကျင်းပသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲတွင် မိမိတို့ တစ်ဦးချင်း၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသ၍ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာ့လက်ရွေးစင်အသင်းကြီးကို အင်အားဖြည့်တင်းပေးနိုင်မည့် မျိုးဆက်သစ်လူငယ်စစ်တုရင် အားကစားသမားကောင်းများဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ၄ ချက် ရွတ်ဆိုခဲ့ကြပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အ.ထ.က(၂) ဗဟန်းမှဘင်ခရာနှင့် ပန်းပွားအဖွဲ့တို့အား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၅ သိန်းကိုပေးအပ်ခဲ့ပြီး ယနေ့ပြိုင်ပွဲပွဲစဉ်အဖြစ် အပြည်ပြည်ဆိုင်ရာ လူငယ်စစ်တုရင်အမျိုးသမီးပြိုင်ပွဲ ပွဲစဉ် ၆ တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ စတင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အကွက်ရွှေ့၍ ဖွင့်လှစ်ပေးခဲ့ပြီးနောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမသို့ သွားရောက်ခဲ့ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန(ရန်ကုန်)ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးတို့အတွက် ပိုမိုကောင်းမွန်အောင်အခြေခံမှစတင်၍ အတူတကွ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်သွားကြ စေလိုကြောင်း၊ အားကစား၏အနာဂတ် ပိုမိုကောင်းမွန်လှပလာစေရန် စိတ်တူ ကိုယ်တူဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြ စေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီးညွှန်ကြားသည့် မဟာဗျူဟာများအတိုင်း နည်းဗျူဟာများ စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ကျောင်းသား/ကျောင်းသူများ အားကစားအဆင့်အတန်း တိုးတက်လာစေရေး၊ အားကစားစိတ်ဓာတ်ပြည့်ဝစေရေး၊ လေ့ကျင့်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး နည်းစနစ်ပိုင်း၊ စံချိန်စံညွှန်းပိုင်းများကို အထူးဂရုစိုက်၍ အခြေခံက စပြီး စနစ်တကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ရရှိအောင်အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာ့အားကစားလောက ပိုမိုကောင်းမွန်လာအောင် အတွေးအခေါ်၊ အယူအဆများ၊ အကြံဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ လူတိုင်းတွင် မတူညီသည့် အလှ ကိုယ်စီရှိကြသည်နှင့်အမျှ အရည်အချင်းကိုယ်စီရှိကြသူများဖြစ်သည့်အတွက် အားလုံးပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါကြောင်း၊ နိုင်ငံတော်က အားထားရပြီး ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပြီးနောက် အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ဌာနအတွင်းပြုပြင်ပြောင်းလဲ၍ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များအား မှာကြားခဲ့ပြီးနောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၏ တည်နေရာနှင့် ကျောင်းဖွင့်လှစ်မှု၊ ဝန်ထမ်းခန့်ထားရေး၊ ၂၀၂၆- ၂၀၂၇ ပညာသင်နှစ်အတွက် သင်တန်းသားရွေးချယ်ရေး၊ အားကစားလေ့ကျင့်ရေး၊ ပညာသင်ကြားရေး၊ နေထိုင်/စားသောက်ရေးဆောင်ရွက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် B.Sc (Sports)သိပ္ပံဘွဲ့၊ အားကစားပညာဆိုင်ရာ တင်ပြချက်များ၊ I.S.P.E (FC) ဘောလုံးအသင်း ၃ သင်း၏ ဖွဲ့စည်းမှုနှင့် အောင်မြင်ခဲ့မှု အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အတွင်းရှိ ရေကူးကန်နှင့် GYM ခန်းမတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများအား တွေ့ဆုံခဲ့ပြီးလာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီးနောက် သင်တန်းသား/သင်တန်းသူများအား အားကစားပိုင်းတွင်သာမက ပညာရေးပိုင်းတွင်လည်း ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်ကအားထားရသည့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများ ထွက်ပေါ်လာအောင် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလတ်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး






ရန်ကုန်၊ မေ ၂၈

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလတ်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ ပန်ကြပ်ဆီလတ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့သည်။

ဦးစွာ တက်ရောက်လာသည့် သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပန်ကြပ်ဆီလတ်နည်းပြသင်တန်း ဖွင့်လှစ်ပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် အသုံးပြုမည့်နည်းစနစ်များ၊ အမှတ်ပေးစည်းမျဉ်းနှင့်စည်းကမ်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင်ရှိသည့် နည်းပြများနှင့်အားကစားသမားများ ပိုမိုသိရှိ နားလည်၍ ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပြီး အရည်အသွေးပြည့်ဝသည့် နည်းပြကောင်းများ ပေါ်ထွက်လာစေမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲထားသည့် စနစ်သစ်ပြိုင်ပွဲဝင် ဥပဒေ/နည်းစနစ်များကို အပြည်ပြည်ဆိုင်ရာ ဒိုင်သင်တန်းသို့ တက်ရောက်အောင်မြင်ထားသည့် ဒိုင်လူကြီးများ/နည်းပြများက ပြန်လည်ပို့ချပေးသွားမည်ဖြစ်၍ ပြောင်းလဲထားသည့် နည်းစနစ်များကို သိရှိနားလည်တတ်မြောက်သွားမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းတွင်သင်ကြား ပို့ချပေးမည့် ဥပဒေနှင့်နည်းစနစ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မျိုးဆက်သစ် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုသင်တန်းသည် နည်းပြများအတွက် အကျိုးရှိ၍ တန်ဖိုးရှိသည့် သင်တန်းတစ်ခုဖြစ်အောင် ကြိုးစားသင်ယူ သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာအားကစားကွင်းသို့ သွားရောက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 အမျိုးသား ဘောလုံးရှုံး/ထွက်ပြိုင်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ဘောလုံးကွင်းကောင်းမွန်စေရန် ပြင်ဆင်ထားရှိမှုများ၊ ဘောလုံးကွင်းအတွင်း အလံတိုင်၊ ဂိုးတိုင်၊ ဂိုးပိုက်များနှင့် ကွင်းပတ်လည်နံရံပြင်ဆင်ထားရှိမှုများ၊ မြောင်းအဖုံးများ၊ ကွင်းစည်းများ၊ ပွဲကြည့်စင်နှင့် Scoreboard တို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်အတိုင်း ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့အားကစားပြန်လည်ဦးမော့လာစေရန် အားကစားစိတ်ဓာတ်ကိုမြှင့်တင်ပေးပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်ခရိုင်ရှိ သီဟဒီပအားကစားကွင်းသို့ရောက်ရှိပြီး ဘောလုံးကွင်း၊ ပွဲကြည့်စင်၊ ရေလှောင်ကန်၊ ရေကူးကန်၊ ပြိုင်ပွဲရုံ(က)သီဟဒီပ အားကစားခန်းမနှင့် ဖူဆယ်အားကစားကွင်းတို့အား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး မြက်ခင်းပြင်စိမ်းလန်းစိုပြေစေရန်၊ ရေဖြန်းစနစ် ကောင်းမွန်စေရန်၊ အားကစားကွင်းပတ်ဝန်းကျင် အမြဲတမ်း စိမ်းလန်းစိုပြေပြီး သန့်ရှင်းသာယာလှပစေရန်၊ အားကစားကွင်း/အားကစားရုံအတွင်း ပြိုင်ပွဲများစဉ်ဆက်မပြတ် ကျင်းပပြုလုပ်၍ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့ရောက်ရှိ၍ ပဒေသာ အားကစားခန်းမနှင့် ဘောလုံးကွင်းတို့အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး ဘောလုံးကွင်း မြေသားမျက်နှာပြင်ညီညာစေရန်နှင့် မြက်ခင်းပြင်စိမ်းလန်းစိုပြေစေရန်၊ ဂိုးတိုင်/ဂိုးပိုက်များ ကောင်းမွန်စွာတပ်ဆင်ထားရှိစေရန်၊ ခြံစည်းရိုးများ၊ ရေနုတ်မြောင်းဖုံးများကို ထုံးဖြူနှင့် ဆေးများသုတ်လိမ်းသွားရန်၊ အားကစားကွင်း/အားကစားရုံ အမြဲသန့်ရှင်း သပ်ရပ်သာယာလှပစေရေးတို့ကို ဂရုစိုက်ဆောင်ရွက်သွားကြရန် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ ရက် ၁၀၀ အတွင်းဆောင်ရွက်

စာမျက်နှာ ၁၀ သို့ ►

စာမျက်နှာ ၉ မှအဆက်





ရမည့် လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ Smart School နှင့် Football For School Program အရ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်နေသကဲ့သို့ အခြားအားကစားနည်းများကိုလည်း အားထည့်၍ ဆောင်ရွက်သွားစေလိုကြောင်း၊ ပြည်သူလူထုအမြင်၌ အားကစားယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေရန်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ရန်ကုန်တိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

## အားကစားရေးရာဝန်ကြီးဌာန မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူးအခါသမယ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲ အခမ်းအနားကျင်းပ





နေပြည်တော်၊ ဧပြီ ၁၇

အားကစားရေးရာဝန်ကြီးဌာန မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူးအခါသမယ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းပရိဝုဏ်အတွင်းရှိ အမှတ် (၁) ရေကန်၌ ကျင်းပခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးညီညီက ငါးကြင်းရွှေဝါသားပေါက်လေးများကို စိုက်ထည့်ခဲ့ပြီးနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်ဇနီး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမင်းထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဆန်းဦး၊ ဦးကျော်ဇင်မိုးနှင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက ငါးကြင်းရွှေဝါ သားပေါက်အကောင်ရေ ၉၀၀၀ ကို ဆက်လက်လွှတ်ပေးခဲ့ကြသည်။

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ ပေါများလာစေရေးနှင့် ငါးမျိုးစေ့များစွာ ပိုမိုပေါက်ပွားလာစေရေးတို့အတွက် ရည်ရွယ်၍ နှစ်စဉ်ငါးမျိုးစေ့စိုက်ထည့်ခြင်းအခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုမြန်မာနှစ်သစ်ကူး အခါသမယတွင် ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲအခမ်းအနားကို ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ် အပါအဝင် အရာထမ်း/အမှုထမ်း ဝန်ထမ်းအင်အား (၉၀) ကျော်တို့က စုပေါင်းပါဝင် ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**အားကစားအမျိုးအစား (၄) မျိုး**

၁။ Competitive Sport – ယှဉ်ပြိုင်အားကစား
၂။ Leisure Sport – အပန်းဖြေအားကစား
၃။ Traditional Sport – ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျွင်း၊ ထုပ်ဆီးတိုး)
၄။ Mass Sport – လူထုအားကစား

# အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးညီညီ (၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ





ရန်ကုန်၊ ဧပြီ ၂၅

(၂၀) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြားရာတွင် (၂၀) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ရန်ကုန်မြို့၊ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ မေလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၊ အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစား အဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်ရှိ အားကစားပြိုင်ပွဲတစ်ရပ်ကို လက်ခံကျင်းပပေးခြင်းဖြင့် အာဆီယံဒေသနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံ ၈ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး၊ ပြိုင်ပွဲအမျိုးအစားပေါင်း (၂၂) မျိုးထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့လာရောက် တာဝန်ထမ်းဆောင်မည့် အပြည်ပြည်ဆိုင်ရာ ဒိုင်/ဂျူရီများနှင့် ပြိုင်ပွဲဝင်အသင်းများကို Hotel Yangon တွင် တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးဆိုင်ရာကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက ဆွေးနွေးတင်ပြရာတွင် ယခုကျင်းပပြုလုပ်သည့် (၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသည် နိုင်ငံတကာပြိုင်ပွဲများ၌ ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အတွေ့အကြုံများ ရရှိထားပြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များထားရှိပြီး ပုံဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားပြီး ကမ္ဘာမှသိရှိသွားသည်အထိ ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် နိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်အောင်ဆောင် ရွက်ပေးသွားစေလိုကြောင်း၊ လာရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများအား မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားဖြစ်သော ရွှေတိဂုံဘုရားနှင့် ဗိုလ်ချုပ်ဈေးတို့အား လေ့လာရေးခရီးစဉ်အဖြစ် လိုက်လံပို့ဆောင်ပေးစေလိုကြောင်း၊ မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ပြိုင်ပွဲဝင်အသင်းများ သွားလာနေထိုင်ရေးနှင့် စားသောက်ရေးတို့ အဆင်ပြေချောမွေ့စေရန် အားလုံးကဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ဆွေးနွေးတင်ပြရာတွင် ပြိုင်ပွဲသို့ လာရောက်မည့် ဒိုင်/ဂျူရီများ၊ ပြိုင်ပွဲဝင်အသင်းများ တည်းခိုမည့် ဟိုတယ်၊ အားကစားလေ့ကျင့်နေစဉ်နှင့် ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း တည်းခိုမည့်နေရာနှင့် ပြိုင်ပွဲကျင်းပမည့် နေရာသို့ သွားလာရာလမ်းခရီးတို့တွင် လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြိုင်ပွဲကျင်းပမည့်ရက်များတွင် တည်းခိုမည့် ဟိုတယ်နှင့် MCC ခန်းမသို့ သွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရှေ့ပြေးဆိုင်ကယ်များဖြင့် သွားလာနိုင်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြိုင်ပွဲကျင်းပနေစဉ် ကာလအတွင်း အားကစားသမားများ၏ ကျန်းမာရေးနှင့် မတော်တဆထိခိုက်ဒဏ်ရာရရှိပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်ကုသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားပေးရန်နှင့် အရေးပေါ်လူနာတင်ယာဉ် ၁ စီးအား ပြိုင်ပွဲကျင်းပသည့်နေရာတွင် အသင့်ရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိပေးရန် လိုအပ်ပါကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများသို့ အချိန်နှင့်တစ်ပြေးညီ အလွယ်တကူပြောဆို ဆက်သွယ်နိုင်ရန် ပြိုင်ပွဲကျင်းပမည့် MCC ခန်းမတွင် Wifi ဖွင့်လှစ် ထားရှိပေးနိုင်ရေးနှင့် ဆင်းကဒ်များ ရောင်းချပေးနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြိုင်ပွဲကျင်းပနေမှုများအား အများပြည်သူများကြည့်ရှု အားပေးနိုင်စေရန်အတွက် ရိုက်ကူး ထုတ်လွှင့်ပြသပေးနိုင်ရေးနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ပြိုင်ပွဲဆိုင်ရာ သတင်းများပါရှိရေးတို့အား စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း လျှပ်စစ်မီး မပြတ်တောက်စေရေးအတွက်

စာမျက်နှာ ၁၂ သို့ ►

# အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲအား ကြည့်ရှုအားပေး





ရန်ကုန်၊ မေ ၂၆

အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင် တည်ဆောက်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ အရှေ့ဘက်ပွဲကြည့်စင်၊ မြောက်ဘက်ပွဲကြည့်စင်၊ အနောက်ဘက် ပွဲကြည့်စင်၊ အထူးတန်းပွဲကြည့်စင်နှင့်တောင်ဘက် ပွဲကြည့်စင်များရှိ ပျက်စီးနေသော အဆောက်အဦအနေအထားများ၏လက်ရှိအခြေအနေများ၊ ဘော်လီဘောအားကစားရုံ၊ အမျိုးသား/အမျိုးသမီး အားကစားသမားအိပ်ဆောင်များနှင့် စားရိပ်သာတို့အား အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ လျာထားသတ်မှတ်ထားသည့် အပိုင်းလိုက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံသို့ ရောက်ရှိရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် အားကစားသမားတို့ကကြိုဆိုကြပြီး ၂၀၂၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက် (၂၅) နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ မှော်ဘီ ဘော်လီဘောအသင်းနှင့် အင်းစိန်ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၁၁ မှအဆက်

စီစဉ်ဆောင်ရွက် ပေးစေလိုပါကြောင်း၊ ဒိုင်/ဂျူရီများနှင့် ပြိုင်ပွဲဝင်အသင်းများ ရောက်ရှိသည့်အခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ဝင်ခွင့် ဆိုက်ရောက်ဗီဇာ (Visa on Arrival) ရရှိရေးကိုလည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများတွင် ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးကိုလည်းကောင်း စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြိုင်ပွဲသို့လာရောက်တာဝန်ထမ်းဆောင်မည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဝင်အသင်းများနှင့်အတူ ပါရှိလာမည့် ပစ္စည်းများ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ ခွင့်ပြုချက်ရယူစီမံဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစီမံချက်အသေးစိတ်များ၊ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အိမ်ရှင်မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နိုင်ငံများမှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲကျင်းပမည့် အမျိုးအစား (၂၂)မျိုးနှင့် ပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲ၊ ဆုချီးမြှင့်ပွဲအတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးမှ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဆပ်ကော်မတီများနှင့် အဖွဲ့ချုပ်တို့ ပေါင်းစပ်ဆောင်ရွက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အတိုင်း ဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

# ရွှေတံဆိပ် (၁) ခု၊ ငွေတံဆိပ် (၂) ခု၊ ကြေးတံဆိပ် (၁) ခု ရရှိခဲ့သော မြန်မာနိုင်ငံကိုယ်စားပြု ပြေးခုန်ပစ်အသင်း ပြန်လည်ရောက်ရှိ ကြိုဆို

ရန်ကုန်၊ မေ ၁၉

စင်ကာပူနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဧပြီလ (၁၃) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကျင်းပခဲ့သော 86th Singapore Open Track & Field Championships 2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ပြေးခုန်ပစ်အသင်းသည် Event (၄)ခုတွင် အားကစားသမား(၄) ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၁) ခု၊ ငွေတံဆိပ် (၂) ခုနှင့် ကြေးတံဆိပ် (၁) ခု စုစုပေါင်း ဆုတံဆိပ် (၄) ခု ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ အောင်ပွဲရ မြန်မာနိုင်ငံကိုယ်စားပြု ပြေးခုန်ပစ်အသင်းတွင် အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင် ဦးဆောင်ပြီး နည်းပြ ဦးရှိုင်းအောင်နှင့် အားကစားသမား (၄) ဦးတို့သည် ယမန်နေ့ည ၁၀ နာရီ ၃၀မိနစ်အချိန်က စင်ကာပူနိုင်ငံ အပြည်ပြည်



စာမျက်နှာ ၁၃ သို့ ▶

# (၆) ကြိမ်မြောက် အာရှသဲသောင်ပြင်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု သုံးခုရရှိခဲ့သည့် မြန်မာတက်ဂ်ဘောအသင်း ပြန်လည်ရောက်ရှိ ကြိုဆို





ရန်ကုန် ၊ ဧပြီ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ Sanya မြို့တွင် ဧပြီလ၂၃ ရက်မှ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် 6th ASIAN BEACH GAMES SANYA 2026 (၆) ကြိမ်မြောက် အာရှ သဲသောင်ပြင် ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု (၃) ခု ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် မြန်မာတက်ဂ်ဘော အသင်းအား အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးကျော်၊ ဦးချစ်ကိုကို တို့ ဦးဆောင်ပြီး အုပ်ချုပ်သူ/နည်းပြ၊ ကစားသမားစုစုပေါင်း (၁၂) ဦး တို့သည် ယနေ့ နံနက် ၁၀:၁၅ နာရီ အချိန်က ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အားကစားရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယ ပညာသိပ္ပံ(ရန်ကုန်)မှ နည်းပြ/နည်းစနစ်မှူးများ၊ မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် အမှုဆောင်များ မိဘ ဆွေမျိုးများက ပန်းကုံးများဖြင့် ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။

ပြိုင်ပွဲတွင် မြန်မာအပါအဝင် ထိုင်း၊ DPR KOREA ၊ အီရတ်၊ လက်ဘနွန်၊ တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘရူနိုင်း၊ ကူဝိတ် စသည့် နိုင်ငံပေါင်း ၁၃ နိုင်ငံပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် Men's Double ပြိုင်ပွဲ၌ ပထမဆုကို ထိုင်း အသင်း၊ ဒုတိယဆုကို အီရတ်အသင်း၊ ပူးတွဲတတိယဆု အနေဖြင့် မြန်မာအသင်းနဲ့ လက်ဘနွန်အသင်း၊ Women's Doubles ပြိုင်ပွဲ တွင် ပထမဆုကို ထိုင်းအသင်း၊ ဒုတိယဆုကို DPR Korea အသင်း

ကျောဖုံး သို့ ►

စာမျက်နှာ ၁၂ မှအဆက် ►





ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက် အတွင်းရေးမှူး၊ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံ ပြေးခုန်ပစ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပန်းကုံးများဖြင့် ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

ပြိုင်ပွဲများတွင် အမျိုးသား လှံတံပစ် (Javelin Throw) ပြိုင်ပွဲ တွင် ပြိုင်ပွဲဝင် (၁၅) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအားကစား သမား ချစ်မင်းအောင်က ၆၃.၂၂ မီတာဖြင့် တတိယနေရာ (ကြေး တံဆိပ်) ရရှိခဲ့ပြီး စင်ကာပူနိုင်ငံမှ အားကစားသမားက ၆၄.၁၀ မီတာဖြင့် ဒုတိယနေရာ (ငွေတံဆိပ်) ရရှိခဲ့ကာ ပထမနေရာကို တရုတ်(တိုင်ပေ)မှ အားကစားသမားက ၆၈.၃၈ မီတာဖြင့် ရရှိ ခဲ့သည်။

အမျိုးသား မီတာ (၁၅၀၀) ပြေးပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ အားကစားသမားက ၃:၅၄.၃၄ မိနစ်ဖြင့် ပထမနေရာ ရရှိခဲ့ပြီး မြန်မာနိုင်ငံမှ ရဲရင့်အောင်က ၃:၅၈.၆၃ မိနစ်ဖြင့် ဒုတိယနေရာ (ငွေတံဆိပ်) ရရှိခဲ့ကာ တတိယနေရာကို စင်ကာပူနိုင်ငံမှ အားကစားသမားက ၄:၀၀.၇၇ မိနစ်ဖြင့် ရရှိခဲ့သည်။

အမျိုးသမီး မီတာ (၁၀,၀၀၀) လမ်းလျှောက် (Race Walk) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်မေထက်က ၅၄:၃၂.၆၄ ဖြင့် ပထမ နေရာရရှိခဲ့ပြီး စံချိန်သစ်တင်နိုင်ခဲ့သည်။

အမျိုးသား မီတာ(၁၀,၀၀၀) လမ်းလျှောက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်လင်းထွန်းက ၄၉:၃၉.၁၆ ဖြင့် ဒုတိယနေရာ (ငွေတံဆိပ်) ရရှိခဲ့ကြသည်။

ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံရှိ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာ ဇော်မင်းအောင်မှလည်း လာရောက်တွေ့ဆုံအားပေးခဲ့ပြီး ဆုချီးမြှင့် ခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ





ရန်ကုန်၊ မေ ၅

(၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့်ကာယပညာဦးစီး ဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး များနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးနှင့် စပ်လျဉ်း၍ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ မြန်မာ့အားကစား ပြန်လည် ဦးမော့လာရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တွင် အောင်မြင်မှုများရရှိစေရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနနှင့် အတူ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များ၏ လက်တွဲညီစွာဖြင့် အတူတကွ ဆောင်ရွက်နိုင်မှု သည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၆-၄-၂၀၂၆ ရက်နေ့မှ ၉-၄-၂၀၂၆ ရက်နေ့အထိ မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် SEAGF Meeting သို့တက်ရောက်ရန် ပြည်ပခရီးစဉ် သွားရောက်ကြမည် ဖြစ်ပြီး ပြိုင်ပွဲကျင်းပမှု ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စတင် ဆွေးနွေးခြင်းများ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ အစည်းအဝေး သို့တက်ရောက်ရန် မသွားရောက်မီ အဖွဲ့ချုပ်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေးသွားခြင်းဖြစ်ပါကြောင်း၊ အားကစား အဖွဲ့ချုပ်များအနေဖြင့် ပြိုင်ပွဲအတွက် လျာထားဆောင်ရွက်မည့် စုဖွဲ့ထားရှိခြင်း၊ စခန်းသွင်းလေ့ကျင့်မည့် Events နှင့် အားကစားနည်း အမျိုးအစားများ၊ ပြည်တွင်း/ပြည်ပမှ နည်းပြငှားရမ်းနိုင်ရေး ကိစ္စ ရပ်များကို အသေးစိတ်တင်ပြ ဆွေးနွေးပေးသွားစေလိုကြောင်း၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီအနေဖြင့် ထပ်မံထည့်သွင်းပေးစေ လိုသည့် အားကစားနည်းများကို တရားဝင်ပေးပို့ထားပြီး SEAGF အစည်းအဝေးတွင်လည်း ထည့်သွင်း ဆွေးနွေးပေးသွားမည်ဖြစ်ပါ



ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး (၃)၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အားကစားအဖွဲ့ချုပ်များ အနေဖြင့် မိမိတို့သက်ဆိုင်ရာ အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပရေး ကော်မတီများနှင့် ရင်းရင်းနှီးနှီး ချိတ်ဆက်ဆောင်ရွက်ထားစေလိုကြောင်း၊ ပြိုင်ဘက် နိုင်ငံများ၏ စံချိန်/စံညွှန်းနှင့် နည်းစနစ်များကို ကြိုတင်လေ့လာ ထားရန်လိုအပ်ပါကြောင်း၊ (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ရာ၌ အမှန်တကယ်လေ့ကျင့်ချိန်သည် (၁) နှစ်ကျော် လောက်သာရှိပါကြောင်း၊ လူရွေးချယ်ရေး၊ စခန်းသွင်းလေ့ကျင့်ရေး၊ Training Program၊ အောင်နိုင်ရေးစီမံချက်၊ Joint Training သွားရောက်ယှဉ်ပြိုင်မှုများနှင့် အုပ်ချုပ်/နည်းပြများ၏ စနစ်တကျ လေ့ကျင့်သင်ကြားပေးမှုများဖြင့် (၃၄) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ယခုထက် ဆုတံဆိပ်များ ပိုမို ရရှိအောင် ကြိုးစားပေးသွားကြစေလိုကြောင်း ဆွေးနွေးပြောကြား ခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများက (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများ၊ အုပ်ချုပ်/ နည်းပြနှင့် အားကစားသမားများအားဖွဲ့စည်း၍ စခန်းသွင်းထားရှိမှု အခြေအနေများ၊ အားကစားနည်းများအလိုက် စခန်းသွင်းလေ့ကျင့် မည့် လျာထား Event များ၊ နည်းပြ၊ အားကစားသမားများ၏ လူဦးရေစာရင်းများ၊ ပြည်တွင်း/ပြည်ပပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့်



စာမျက်နှာ ၁၅ သို့ ►

# ရက် (၁၀၀) စီမံကိန်းမှသည် နောင်စဉ်ဆက်မပြတ် ဆုတံဆိပ်ရ အားကစားသမားများပေါ်ထွက်လာစေရေး

ရဲလွင်အောင်(YU)

ကျွန်တော်အပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရအပေါ် သစ္စာရှိစွာ အမှုထမ်းကြဖို့လိုပေသည်။ တည်ဆဲအစိုးရက ချမှတ်သော ရည်မှန်းချက်၊ ဦးတည်ချက်၊ စီမံချက်များကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကျွန်တော် တာဝန်ထမ်းဆောင်နေသော ဌာနမှာ အားကစားဌာနဖြစ်သည့် အားလျော်စွာ ဆယ်စုနှစ်မက နိမ့်ကျနေသော အားကစားကဏ္ဍကို ပြန်လည်ဦးမော့အောင် အများထက်ပိုမိုကြိုးစားဆောင်ရွက်ရမည်ကို နားလည်သဘောပေါက်ပါသည်။

လက်ရှိပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်း ၎င်း၏ပြည်ထောင်စုဝန်ကြီးတာဝန် လွှဲပြောင်းလက်ခံစဉ်ကပင် ယခင်ထက်နှစ်ဆတိုး၍ အလုပ်လုပ်ကြဖို့ တိုက်တွန်းမိန့်ကြားခဲ့တာ နှစ်သစ်ကူးမိန့်ခွန်းအဖြစ် နာယူခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီးက ဧပြီလ(၂၀)ရက်နေ့က နိုင်ငံတော်သမ္မတရုံး၌ ကျင်းပခဲ့သောအစည်းအဝေးတွင် မိမိတို့ အားကစားရေးရာဝန်ကြီးဌာနအတွက် "အားကစားကဏ္ဍ မြင့်မားလာစေရေးနှင့် ပတ်သက်၍ လူငယ်လူရွယ်များ ကိုယ်လက်ကြံ့ခိုင်ရေး တိုးတက်လာစေရေး ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မိန့်ကြားခဲ့သည်။

ထို့အပြင် ပထမရက် (၁၀၀) ကာလအတွင်း Smart School, Football for School Program များကို Pilot Project အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ရှမ်းပြည်နယ် စုစုပေါင်း (၅) နေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ထားရှိပါသည်။ ထို့အပြင် ဝန်ကြီးဌာနများ၏ သက်ဆိုင်ရာ ကဏ္ဍများအလိုက် အလိုက် လှုပ်ရှားဆောင်ရွက်မှုများကို တစ်နိုင်ငံလုံးရှိပြည်သူများ သိရှိအောင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အဖွဲ့များခွဲ၍ ဝန်ကြီးဌာန တစ်ခုချင်းရှိ ရိုက်ကူးရေး အစီအစဉ်များ ဆောင်ရွက်မည် ဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေနှင့် သာမန်လုပ်ရိုး လုပ်စဉ်များထက်ပိုကာ ပြည်သူအကျိုး၊ နိုင်ငံ့အကျိုးကို ယခင်ထက် သယ်ပိုးနိုင်ကြောင်း စွမ်းပကားများပြနိုင်ဖို့လိုသည်မှာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားနေပေသည်။

Pilot Project တွင် မပါဝင်သော တိုင်းဒေသကြီးနှင့်ပြည်နယ်များသည်လည်း မိမိတို့နယ်မြေ ဒေသအလိုက် အားကစားကဏ္ဍကို ဖြစ်နိုင်သမျှလုပ်ဆောင်နေကြဖို့ အားကစားကို ချစ်မြတ်နိုးသည့်စိတ်ဖြင့် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အကြီးအကဲ၊ ဝန်ကြီးဌာနအကြီးအကဲများ၏ လမ်းညွှန်ချက်များသည် နိုင်ငံတော်အကျိုးနှင့် ပြည်သူ့အကျိုးကို မျှော်တွေးကာ သည်ပိုးဆောင်ရွက်နေခြင်းဟု ရိုးရှင်းစွာမြင်ကြဖို့ လိုပေသည်။ သို့ဖြစ်ပါ၍ မိမိတို့ အားကစားရေးရာဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် လက်တွဲပူးပေါင်းကာ လူစွမ်းအားအရင်းအမြစ်အမှန်ဖြစ်သော အခြေခံပညာကျောင်းများမှနေ ကျောင်းသား/ကျောင်းသူ လူငယ်လူရွယ်များကို အားကစားကဏ္ဍတွင် စိတ်ပါလာအောင်၊ ကျွမ်းကျင်လာအောင် စည်းရုံးဆောင်ရွက်ခြင်းဖြင့် ရက် (၁၀၀) မှသည် အရှိန်အဟုန်ကောင်းများ ရရှိလျက် ဆယ်စုနှစ်တစ်နှစ်တာကာလအတွင်း အရှေ့တောင်အာရှမှသည် အာရှအဆင့်ထိ တက်လှမ်းကာ နိုင်ငံတော်အတွက် ဗလငါးတန်ပြည့်စုံလျက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရှင် အားကစားသမားကောင်းများ ပေါ်ထွက်လာပါစေကြောင်း ဤဆောင်းပါးဖြင့် အားကစားအကျိုး သယ်ပိုးသူများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုရေးသားလိုက်ပါသည်။-----------

---

**အားကစားမြင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

**အမျိုးသားအားကစား တိုးတက်ရေး**
**လူချွန်လူကောင်း ပျိုးထောင်ပေး**

---

စာမျက်နှာ ၁၄ မှအဆက် ▶

သွားရောက်ယှဉ်ပြိုင်နိုင်ရေးများ၊ နိုင်ငံခြားနည်းပြငှားရမ်းနိုင်ရေးကိစ္စရပ်များ၊ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်နိုင်ရေးနှင့် စခန်းသွင်းလေ့ကျင့်သွားနိုင်ရေးကိစ္စရပ်များ၊ Joint Training သွားရောက် ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးပြီး ဌာနမှ ချမှတ်လမ်းညွှန်ပေးသည့်အတိုင်း ပူးပေါင်းပါဝင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသီးသီးဆွေးနွေး ပြောကြားခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်ပြောကြားရာတွင် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မိမိတို့အဖွဲ့ချုပ်အလိုက် ထည့်သွင်းပေးစေလိုသည့် By Event များ ကျန်ရှိနေပါက အချိန်မီ အမြန်ဆုံးပေးပို့ကြ စေလိုကြောင်း၊ (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ဆုတံဆိပ်များရရှိနိုင်ရေးအတွက် အဖွဲ့ချုပ်များမှ ဝန်ကြီးဌာနသို့ လိုအပ်ချက်များကို တင်ပြဆောင်ရွက်ရာတွင် မှတ်တမ်းများ စနစ်တကျ ပြုစုထားရှိ၍ အောင်မြင်မှုများ ရရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့၌ နွေရာသီ အားကစားသင်တန်း ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနေမှုအခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေး





ရန်ကုန်၊ မေ ၂၉

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့၌ နွေရာသီအားကစားသင်တန်း ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အမျိုးသားဘောလုံးအကယ်ဒမီ မြက်ခင်းတုကွင်းသို့ရောက်ရှိပြီး နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် Smart School နှင့် Football For School Program အရ မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားလူငယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကာယ၊ ဉာဏစွမ်းအားများ ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် MFF Summer Football Skills Course 2026 (2nd Batch) နွေရာသီအခြေခံ ဘောလုံး အားကစားသင်တန်း ဖွင့်လှစ်ထားရှိမှုနှင့် သင်တန်းသား/သင်တန်းသူများအား အခြေခံနည်းစနစ်များ စနစ်တကျ သင်ကြားပို့ချ လေ့ကျင့်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားကောင်းများ ဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီးနောက်







ပြည်ထောင်စုဝန်ကြီးသည် သင်တန်းနည်းပြနှင့် သင်တန်းသား/သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ မြန်မာ့သိုင်းသင်တန်းကျောင်းသို့ သွားရောက်ခဲ့ရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကြိုဆိုခဲ့ကြပြီး နွေရာသီမြန်မာ့သိုင်းသင်တန်းသို့ တက်ရောက်နေသည့် သင်တန်းသား/သင်တန်းသူများနှင့် လက်ရွေးစင်အားကစားသမားများ၏ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်နှင့် မြန်မာ့သိုင်းသရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အားကစားကိုအခြေခံမှစ၍ စနစ်တကျ သင်ယူလေ့ကျင့်ကစား၍ နိုင်ငံတော်မှအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း၊ လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ပိုမိုကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီးနောက် အဖွဲ့ချုပ်မှ ခင်းကျင်းပြသထားသည့် လေ့ကျင့်ရေးသုံး အထောက်အကူပြုပစ္စည်းများနှင့် ပြိုင်ပွဲသုံးအထောက်အကူပြုပစ္စည်းများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး မျိုးဆက်သစ် အားကစားသမားများစွာ ရှာဖွေဖော်ထုတ်ပေးနိုင်စေရေးနှင့် မြန်မာ့သိုင်းအားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ အတူတကွ ဝိုင်းဝန်းပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၁၃ မှအဆက် ►

နှင့် ပူးတွဲတတိယဆုကို မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ Mixed's Doubles ပြိုင်ပွဲတွင် ပထမဆုကို ထိုင်းအသင်း၊ ဒုတိယဆုကို DPR Korea အသင်းနှင့် ပူးတွဲတတိယဆုကို မြန်မာအသင်းနှင့်တရုတ်အသင်းတို့မှ ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရှိရသည်။